Panasonic®

# အသုံးပြုပုံ လမ်းညွှန်

## ရေခဲသေတ္တာ

**Model Number**


NR-AF166S SAE
NR-AF176S SAE



**ရေခဲသေတ္တာကို လည်ပတ်မှုမစတင်မီ ဤအညွှန်းစာအုပ်ကို ဖတ်ပါ။**

ကျွန်ုပ်တို့၏ ထုတ်ကုန်ကို ယုံကြည်စွာဖြင့် ဝယ်ယူအသုံးပြုသည့် Panasonic သုံးစွဲသူများကို ကျေးဇူးတင်ပါသည်။
ကျွန်ုပ်တို့၏ ထုတ်ကုန်အားလုံးသည် သင့်လိုအပ်ချက်များနှင့်ကိုက်ညီစေရန် အထူးစီမံဖန်တီးပြုလုပ်ထားပါသည်။
လည်ပတ်မှုညွှန်ကြားချက်များနှင့် အာမခံအထောက်အထားလက်မှတ်ကို သိမ်းဆည်းထားပါ။

# ဤယူနစ်ကို လည်ပတ်မှုမစတင်မီ




## သတိ – မီးဘေးအန္တရာယ်

Cyclopentane ($C_5H_{10}$) ကိုဤရေခဲသေတ္တာ၏လျှပ်စစ်စီးမှု၏ ကာကွယ်ပေးရန်အတွက် အသုံးပြုထားသည်။

ရေခဲသေတ္တာကို လည်ပတ်မှုမစတင်မီ ဤအညွှန်းစာအုပ်ကို ဖတ်ပါ။ လည်ပတ်မှုညွှန်ကြားချက်များနှင့် အာမခံအထောက်အထားလက်မှတ်ကို သိမ်းဆည်းထားပါ။

ဤစက်ပစ္စည်းကို အိမ်သုံးအတွက်နှင့် အလားတူ အသုံးချမှုများ ဥပမာအားဖြင့်

- ဆိုင်များ၊ ရုံးများနှင့် အခြားအလုပ်ခွင်ပတ်ဝန်းကျင်ရှိ ဝန်ထမ်းသုံးမီးဖိုချောင်နေရာများ။
- လယ်ယာအိမ်များနှင့် ဟိုတယ်များ၊ မိုတယ်များနှင့် အခြားလူနေအိမ် ပတ်ဝန်းကျင်ရှိ ဖောက်သည်များ။
- ညအိပ်ရန်နှင့် နံနက်စာစားရန်အတွင်သာဖြစ်သည့် ဟိုတယ်အမျိုးအစား ပတ်ဝန်းကျင်များ။
- အစားအသောက်ကျွေးမွေးခြင်းနှင့် အလားတူ လက်လီအရောင်းဆိုင်မဟုတ်သည့် အသုံးချမှုများအတွက်သာ ရည်ရွယ်သည်။

ဤစက်ပစ္စည်းကို (ကလေးများအပါအဝင်) ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်း အားနည်းသောသူများ သို့မဟုတ် အတွေ့အကြုံနှင့် အသုံးပြုပုံမသိရှိသေးသောသူများ၏ ဘေးကင်းမှုအတွက် တာဝန်ရှိသူတစ်ဦးမှ ညွှန်ကြားချက် သို့မဟုတ် ကြီးကြပ်ပေးမှုမပါပဲ အသုံးမပြုပါစေနှင့်။ စက်ပစ္စည်းကို ကလေးများ ဆော့ကစားခြင်းမပြုစေရန် ကြီးကြပ် ပေးရမည်။

## ⚠ သတိပေးချက်

၁။ လေဝင်လေထွက်ပေါက်များကို အဟန့်အတားကင်းစေရန် စက်ပစ္စည်းအတွင်း သို့မဟုတ် built-in ဖွဲ့စည်းပုံအတွင်းတွင်ထားပါ။

၂။ စက်ပစ္စည်းကို နေရာချထားသည့်အခါ မီးကြိုးသည် ညှပ်မိနေခြင်း၊ ပျက်စီးနေခြင်း မရှိစေရန် သေချာစေပါ။ ရွေ့နိုင်သော စွယ်စုံသုံးပလတ်ပေါက်များ သို့မဟုတ် ရွေ့နိုင်သော ပါဝါမီးကြိုးများကို စက်ပစ္စည်းအနောက်တွင် မထားပါနှင့်။ အစိတ်အပိုင်းအားလုံး၏ သတ်မှတ်ချက်များကို ပြုပြင်မွမ်းမံခြင်းမပြုရ။ (မီးကြိုးကို လက်ဖြင့် ဆွဲဆန့်ခြင်းမပြုရ။)

၃။ မီးကြိုးသည် ပျက်စီးနေလျှင် ဘေးအန္တရာယ်ဖြစ်ခြင်းကို ရှောင်ရှားရန် ၎င်းကို ထုတ်လုပ်သူ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုပေးသည့် ကိုယ်စားလှယ် သို့မဟုတ် အလားတူ အရည်အသွေးပြည့်မီသည့် ပစ္စည်းများနှင့် လဲလှယ်တပ်ဆင်ရမည်။

၄။ အအေးခံစေသည့် လုပ်ငန်းစဉ်ကို အရှိန်မြှင့်လုပ်ဆောင်ရန် ကုန်ထုတ်လုပ်သူ အကြံပြုထားသည်မှလွဲ၍ စက်သုံးပစ္စည်းများ သို့မဟုတ် အခြားနည်းလမ်းများကို အသုံးမပြုရ။ ရေခဲသေတ္တာ၏ အစားအစာသိုလှောင်ခန်းအတွင်းတွင် ကုန်ထုတ်လုပ်သူ အကြံပြုထားသည့် ပစ္စည်းအမျိုးအစားမဟုတ်သည့် လျှပ်စစ်ပစ္စည်းများကို အသုံးမပြုရ။ အအေးခံစေသည့် လျှပ်စစ်ပတ်လမ်းကို မပျက်စီးစေရ။ မီးလောင်လွယ်သော တွန်းအားရှိသည့် aerosol ဘူးများကဲ့သို့သော ပေါက်ကွဲနိုင်သည့် အရာဝတ္ထုပစ္စည်းများကို သိုလှောင်ထားခြင်း မပြုရ။

## ⚠ သတိ

၅။ ရေခဲသေတ္တာကို ကောင်းမွန်သည့်နေရာတွင် ထားပါ။ ရေခဲသေတ္တာကို နံရံမှ အနောက်၏ဘက်တွင် အနည်းဆုံး ၁၀ စင်တီမီတာ၊ ဘေးနှစ်ဘက်တွင် ၅ စင်တီမီတာနှင့် အပေါ်တွင် ၁၀ စင်တီမီတာ စသည်ဖြင့် လုံလောက်သော နေရာလပ်ထား ပေးရမည်။ ရေခဲသေတ္တာတံခါးဖွင့်၍ အထဲမှ ပစ္စည်းများကို လွယ်ကူစွာထုတ်ယူနိုင်ရန် ညာဘက်ပိုင်း အကောင်းဆုံးအနေအထားသည် ၃၅ စင်တီမီတာထက် ပိုနေသင့်သည်။

# ဤယူနစ်ကို လည်ပတ်မှုမစတင်မီ

၆။ မီးလောင်ခြင်းနှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းအန္တရာယ်ဖြစ်ပေါ်စေနိုင်သောကြောင့် ယူနစ်ကို အရည် သို့မဟုတ် စိုထိုင်းဆ မြင့်မားသည့်အရာများနှင့် ထိတွေ့မနေစေရ။

၇။ ယူနစ်ကို နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း သို့မဟုတ် အပူထုတ်သည့် ပစ္စည်းများ (ဥပမာ - ဖယောင်းတိုင်များ၊ မီးဖို သို့မဟုတ် မီးအိမ်များ) နှင့် ထိတွေ့မနေစေရ။

၈။ ကလေးငယ်များသည် ရေခဲသေတ္တာတံခါးကို လွဲခိုစီးခြင်း မပြုစေရ။


၉။ ယူနစ်ကို အချိန်ကြာမြင့်စွာ အသုံးမပြုသည့်အခါ ယူနစ်ပလတ်ခေါင်းကို ပလတ်ဖြုတ်ထားပါ။ လျှပ်စစ်ပြတ်တောက်သွားသည့်အခါ ပါဝါကြိုးကို ပလတ်ပေါက်မှ ဖြုတ်ထားလိုက်ပါ။ ပါဝါထောက်ပံ့မှုပြန်လည်ရရှိစေရန် ခလုတ်မဖွင့်မီ ကွန်ပရက်ဆာကို ပုံမှန်လည်ပတ်စေရန်အတွက် ၅ မိနစ် စောင့်ပါ။

၁၀။ ဤယူနစ်သည် ဗထ ၂၂၀ – ၂၄၀ဋ္ဌ, ၅၀ံ ဖ တွင် လည်ပတ်သည်။ လျှပ်စစ်ပလတ်ပေါက်တစ်ခုကို သီးသန့်အသုံးပြုပါ။ အခြားအသုံးပြုမှုများနှင့် အတူအသုံးမပြုရ။

၁၁။ ရေခဲသေတ္တာကို ဖယ်ရှားသည့်အခါ လူနစ်ယောက်ဖြင့် ဂရုတစိုက် ပင့်မခြင်းမပြုလုပ်မီ ရေခဲသေတ္တာနောက်ကျောကို အနောက်ဘက်သို့ (အများဆုံး ၅၀. နှင့်အထက်) ဂရုတစိုက်တိမ်းစောင်းပေးပါ။ ကျယ်လောင်သည့် တုန်ခါမှုနှင့် ဆူညံသံများမှ ကာကွယ်ရန် ၎င်းကို မာကြောပြန့်ပြူးသည့် မျက်နှာပြင်ပေါ်တွင် တင်ထားပါ။ ခြေထောက်တစ်ခုသည် ကြမ်းပြင်နှင့် ထိမနေပါက တည်ငြိမ်မှုရှိစေရန် ချိန်ညှိနိုင်သည့် ခြေထောက်ရှိ မူလီရှင်ကို ညှိပေးပါ။ ယူနစ်ကို ရွှေ့သည့်အခါ ကြမ်းပြင်ကို ခြစ်မိခြင်းမှ ကာကွယ်ရန် ယူနစ်အောက်ခြေတွင် အကာအကွယ်အခင်းကို ထားပေးပါ။


၁၂။ ပြုပြင်ထိန်းသိမ်းမှုအတွက် ယူနစ်ကို စိုစွတ်ပျော့ပျောင်းသည့် အဝတ်ဖြင့် သန့်ရှင်းပေးပါ။ အရည်ဖျန်းဘူး သို့မဟုတ် ရေပိုက်များဖြင့် ယူနစ်ကို ရေဖျန်းခြင်း မပြုပါနှင့်။ ဘနည်းသူ၊ ရေနံဆီ သို့မဟုတ် အမျိုးမျိုးသော အပြင်းစား ဓာတုပစ္စည်းများပါဝင်သည့် အရည်များကို အသုံးမပြုရ။ ညစ်ပေသော၊ စိုစွတ်နေသော ဂတ်စကတ်သည် အလွယ်တကူ ပျက်စီးပြီး လုံလောက်သည့် အအေးဓာတ်ကို မပေးနိုင်ခြင်း ဖြစ်စေနိုင်သည့်အတွက် ဂတ်စကတ်ကို သန့်ရှင်းသည့်အခါ ၎င်းကို ဆပ်ပြာရည်ဖြင့် သန့်ရှင်းပြီးနောက် အဝတ်ခြောက်ဖြင့် ပြန်လည်သန့်ရှင်းပေးရန် သေချာစေပါ။

## ⚠ သတိ



ရေခဲသေတ္တာ လည်ပတ်နေသည့်အခါ ကွန်ပရက်ဆာနှင့် ပိုက်လိုင်းများကို လက်ဖြင့်မထိရ။ (အပူချိန်မြင့်မားသော ကြောင့် ထိခိုက်ဒဏ်ရာရစေနိုင်သည်)


## မော်ဒယ်များကို စီတန်းပြသထားခြင်း




ရေခဲသေတ္တာ၏ အရှေ့ဘက်မှ မြင်ကွင်း

## မြေစိုက်ကြိုးချခြင်း

ရေခဲသေတ္တာ၏ အနောက်ဘက်မှ မြင်ကွင်း





**မြေစိုက်ကြိုးချခြင်း**

အိမ်တွင်းရှိ လျှပ်စစ်မြေစိုက်ကြိုးကို စစ်ဆေးပါ။

သတိ !

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများမှ ကာကွယ်ရန် ရေခဲသေတ္တာ၏ မြေစိုက်ကြိုးကို လျှပ်စစ်မြေစိုက်ကြိုးဖြင့် ချိတ်ဆက်ထားရမည်။

## အစိတ်အပိုင်းများ ခွဲခြားသတ်မှတ်ခြင်း
## NR-AF166S




## အစိတ်အပိုင်းများ ခွဲခြားသတ်မှတ်ခြင်း
## NR-AF176S




**မှတ်ချက်များ –**

၁။ **ရေခဲခွက်၊** ရေခဲသိုလှောင်ရန်။

၂။ **အငွေ့ပျံတံခါး၊** ရေခဲခံအခန်းတံခါး

၃။ **အအေးခံအခန်း၊** အောက်ခံခွက်သည် ရေကို စုစည်းပေးပြီး အပူချိန်အနည်းငယ်သာ လိုအပ်သည့် အစားအစာများကို သိုလှောင်ထားရန်လည်း ဆောင်ရွက်ပေးပါသည်။ အစားအစာများကို ညစ်ညမ်းမှုဖြစ်စေခြင်းမှ ကာကွယ်ရန် ထုတ်ပိုးထားသည့် အစားအစာများကို သုတ်ပေးရမည်။

၄။ **ပစ္စည်းထားစင်၊** အချိုရည်ဘူးနှင့် အလယ်အလတ်အရွယ်အစားရှိသော ပုလင်းများကို သိုလှောင်ထားရန်။

၅။ **ကြက်ဥစင်၊** ကြက်ဥသိုလှောင်ရန်။

၆။ **တံခါးအဖွင့်အပိတ်မီး၊** တံခါးကို ဖွင့်သည့်အခါ မီးကို အလိုအလျောက် ဖွင့်ပေးပါသည်။

၇။ **အပူချိန်ညှိကိရိယာ ဒိုင်ခွက်၊** အအေးအပူချိန်ကို ချိန်ညှိရန်။

၈။ **ကြွပ်ဆတ်သော အဖုံး၊** အစားအစာများကို သိုလှောင်ရန် အပေါ်အဖုံးအဖြစ် လုပ်ဆောင်ပေးသည်။

၉။ **အရှင်ထားနိုင်သည့် အခန်း (PC)၊** အစားအစာများ သိုလှောင်ရန် အောက်ခံဗန်း။ (မော်ဒယ် – NR-AF166SSAE / NR-AF176SSAE)

၁၀။ **ကြွပ်ဆတ်သည့် ဘူး၊** သစ်သီးဝလံများနှင့် အသီးအရွက်များကို လတ်လတ်ဆတ်ဆတ် သိုလှောင်ထားရန်။


၁၁။ **မူလီရှင်၊** ညီညာပြန့်ပြူးသည့် အနေအထားကို ရရှိစေရန် ရေခဲသေတ္တာကို ချိန်ညှိရန် ခြေထောက်။

၁၂။ **ပုလင်းထည့်စင်၊** အရွယ်အစားကြီးမားသည့် ပုလင်းများကို သိုလှောင်ရန်။

၁၃။ **တံခါးဂတ်စကက်၊** တံခါးကို တင်းတင်းကျပ်ကျပ်ပိတ်ထားရန် တံခါးတွင် တွယ်ကပ်ထားသော ပျော့ပျောင်းသည့်ရော်ဘာပြား။

## အသုံးပြုပုံနှင့် ထိန်းသိမ်းထားပုံ

1




ဗက်တီးရီးယားပိုးမွှားများမှ ကာကွယ်ရန် ပုလင်းများကို သိုလှောင်မထားမီ သန့်ရှင်းပေးပါ။

2

အစားအစာများကို လတ်ဆတ်မှု ရှိစေရန်နှင့် အခြားအစားအစာများ၏ ညစ်ညမ်းမှုမှ ကာကွယ်ရန် အစားအစာ အားလုံးကို သန့်ရှင်းပေးပြီး ထုပ်ပိုး ထားပါ။




3




ရေခဲသေတ္တာထဲတွင် ပူနေသေးသော အစားအစာများ သိုလှောင်ထားခြင်းကို ရှောင်ရှားပါ။ ရေခဲသေတ္တာ၏ လည်ပတ်မှုဝန်ကို လေးလံစေသည်။

4

လေလည်ပတ်မှုကောင်းမွန်စေရန်နှင့် နေရာကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန်အတွက် ရေခဲသေတ္တာထဲရှိ အစားအစာများကို သေသပ်စွာပြင်ဆင်ထည့်ထားရမည်။




5



တံခါးကို အမြဲသေသေချာချာ ပိတ်ထားရမည်။


## ရေခဲတုံးပြုလုပ်ပုံ

1




ရေကို ရေခဲခွက်ထဲသို့ အပြည့်လောင်းထည့်ပြီး ရေခဲခွက်ထားသည့် ထောင့်တစ်နေရာတွင် ထည့်ထားပါ။

2





ရေခဲခံအခန်းကို အမြန်လည်ပတ်စေရန် ဒိုင်ခွက်ကို "COLDEST" တွင် ဖွင့်ထားပါ။ ရေခဲခွက်ကို ရေခဲခံအခန်းမှ ထုတ်ယူသည့်အခါ ဓား၊ ခက်ရင်း သို့မဟုတ် ချွန်ထက်သည့် အရာဝတ္ထုများကို အသုံးမပြုရ။

3



ရေခဲတုံးများကို ဖယ်ရှားရန် ရေခဲခွက်ကို လိမ်၍လှည့်ပေးပါ။

## အအေးစွမ်းဆောင်ရည်




အပူချိန်ထိန်းဒိုင် ခွက်

**NR-AF166S**

| | FC | PC |
|---|---|---|
| အေးသော (1) | ≤ -5.0 ºC | 5.0 ºC ± 2.5 |
| ပို၍အေးသော (2) | ≤ -9.0 ºC | 2.0 ºC ± 2.5 |
| အအေးဆုံး (3) | ≤ -15.0 ºC | -2.0 ºC ± 2.5 |

**NR-AF176S**

| | FC | PC |
|---|---|---|
| အေးသော (1) | ≤ -5.0 ºC | 6.0 ºC ± 2.5 |
| ပို၍အေးသော (2) | ≤ -9.0 ºC | 3.0 ºC ± 2.5 |
| အအေးဆုံး (3) | ≤ -16.0 ºC | -3.0 ºC ± 2.5 |

FC = အအေးခံအခန်း

PC = အရှင်ထားနိုင်သည့်အခန်း

AT = ပတ်ဝန်းကျင်အပူချိန်, 32° C

### အသုံးပြုရန်အညွှန်း

**ပိတ်သည်**

ရေခဲသေတ္တာသည် အရည်ပျော်သည့် အနေအထားတွင် ရှိသည်။

**အေးသော (၁)**

ပမာဏနည်းသည့် အစားအစာကို သိုလှောင်ရန် ရေခဲသေတ္တာကို အသုံးပြုသည်။

**ပို၍အေးသော (၂)**


ပမာဏများသည့် အစားအစာကို သိုလှောင်ရန် ရေခဲသေတ္တာကို အသုံးပြုသည်။

**အအေးဆုံး (၃)**

ရေခဲတုံးများကို (FC) အမြန်ပြုလုပ်ရန်နှင့် အလွန်အေးသည့် အပူချိန်တွင် (PC) အစားအစာများကို သိုလှောင်ရန် ရေခဲသေတ္တာကို အသုံးပြုသည်။

## အရည်ပျော်စေခြင်း

- * Over-frosting သည် အအေးမလုံလောက်ခြင်းကို ဖြစ်စေသည်။
- * စုပုံလာသည့် ဆီးနှင်းခဲ၏ ထုထည်သည် အအေးခန်း၏ လေးပုံတစ်ပုံလက်မခန့် ရှိလာသည့်အခါ ယူနစ်ကို အရည်ပျော်စေပါ။
- * အရည်ပျော်စေခြင်းမပြုလုပ်မီ အရည်ပျော်လာသော ရေများကို စုဆောင်းထားရန် အောက်ခံခွက်ကို သေချာစွာ ထားရမည်ဖြစ်ပြီး အစားအစာများနှင့် ရေခဲခွက်များအားလုံးကို အအေးခံခန်းမှ ဖယ်ရှားထားရမည်။





အပူချိန်ထိန်းဒိုင်ခွက်

**အရည်ပျော်စေခြင်း ဒိုင်ခွက်**

အပူချိန်ထိန်းဒိုင်ခွက်ကို "OFF" တွင် လှည့်ထားပါ။ ယူနစ်ကို လည်ပတ်မှုမပြုလုပ်ထားသည့်အခါ ဆီးနှင်းခဲများ ပုံမှန်အတိုင်း အရည်ပျော်လာလိမ့်မည်။

အရည်ပျော်စေပြီးနောက် အောက်ခံခွက်တွင် စုဆောင်းထားသည့် ရေကို သွန်ထုတ်ပြီး ထိန်းချုပ်ဒိုင်ခွက်ကို မူလအနေအထားတွင် ပြန်လှည့်ထားပါ။



ဤယူနစ်ကို အနည်းဆုံး နှစ်ပတ်တစ်ကြိမ် အရည်ပျော်စေပြီး ရေခဲကို ဖယ်ရှင်းပေးပါ။


**သတိ!**

အရည်ပျော်စေသည့် လုပ်ဆောင်ချက်ကို အရှိန်မြှင့်တင်ရန် အစွန်းချွန်ထက်သည့် ကိရိယာများ (ဓား၊ ခက်ရင်း စသည်) သို့မဟုတ် လျှပ်စစ်၊ စက်သုံးပစ္စည်းများ (ပန်ကာများ၊ ဆံပင်မှုတ်စက်များ စသည်) ကို လုံးဝအသုံးမပြုရ။ ယင်းတို့သည် မျက်နှာပြင်ကို ပျက်စီးစေပြီး လျှပ်စစ်အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်။ ရေခဲသေတ္တာ၏ လျှပ်စစ်ပတ်လမ်းကို မပျက်စီးစေနှင့်။ ဤယူနစ်ကို တလွဲအသုံးပြုခြင်းသည် အာမခံချက်ကို ပယ်ပျက်စေနိုင်သည်။

## လက္ခဏာနှင့် စစ်ဆေးမှုများ

**1**


**အအေးမလုံလောက်ခြင်း**



အပူချိန်ညှိဒိုင်ခွက်ကို အလယ်တွင် သို့မဟုတ် အအေးဆုံးတွင် သတ်မှတ်ထားပါ။ တံခါးဂတ်စကတ် ကွာဟနေသည်ကို စစ်ဆေးပါ။ အစားအစာအများအပြားကို သိုလှောင်ထားခြင်း သို့မဟုတ် ပူသော အစားအစာကို သိုလှောင်ခြင်းသည် အအေးမလုံလောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

**2**


**ရေခဲသေတ္တာမှ ဆူညံသံထွက်ပေါ်ပါက**



ကြမ်းပြင်သည် ခိုင်မာမှုနှင့် ညီညာမှုရှိ၊မရှိ စစ်ဆေးပါ။ ရေခဲသေတ္တာသည် နံရံနှင့် ထိနေခြင်း သို့မဟုတ် အခြားဝတ္ထုပစ္စည်းများသည် ၎င်းနောက်တွင် ရှိနေခြင်း ရှိ၊မရှိ စစ်ဆေးပါ။

**3**

**ကွန်ပရက်ဆာ လည်ပတ်မှုမရှိခြင်း**




AC ကြိုးသည် ပလတ်ပေါက်မှ လွတ်နေနိုင်သည် သို့မဟုတ် ၎င်း ကောင်းစွာ ပလတ်မထိုးထားပဲ ရှိနေနိုင်သည်။ ပလတ်ပေါက်တွင် လျှပ်စစ်ထောက်ပံ့မှုရှိ၊ မရှိ စစ်ဆေးပါ။

**သတိ ⚠**


ပုံမှန်မဟုတ်သော၊ ပျက်ကွက်မှုများဖြစ်ပေါ်ပါက စက်ပစ္စည်းကို အသုံးပြုခြင်းမှ ချက်ချင်းရပ်တန့်ပြီး ပါဝါပလတ်ကို ဖြုတ်ထားပါ။

## မီးလုံးတပ်ဆင်ခြင်း



(model NR-AF166S / NR-AF176S)

မှတ်ချက် – မီးလုံးအမျိုးအစားသည် မူရင်းမီးလုံးအမျိုးအစား နှင့် တူညီရမည်။




မီးလုံးပျက်စီးသွားလျှင် အောက်ပါနည်းလမ်းများအတိုင်း လဲလှယ်တပ်ဆင်ပါ။

၁။ AC ကြိုးကို ပလတ်ပေါက်မှ ပလတ်ဖြုတ်ပါ။
၂။ မီးအိမ်အဖုံးမှ မူလီကို ဖြုတ်ပါ။
၃။ မီးလုံးကို လက်ဝဲရစ်လှည့်၍ ဖြုတ်ပါ။
၄။ မီးအိမ်ပလတ်ပေါက်တွင် မီးလုံးအသစ်ကို တပ်ဆင်ပါ။
၅။ မီးအိမ်အဖုံးကို ပြန်လည်တပ်ဆင်ပါ။

ရေခဲသေတ္တာကို လည်ပတ်နေသည့်အခါ မီးလုံးကို လက်ဖြင့်မထိပါနှင့်။

# အသေးစိတ်ဖော်ပြချက်

| မော်ဒယ် | **NR-AF166S** | **NR-AF176S** |
|---|---|---|
| ဆံ့သောပမာဏ (လီတာ) | အသားတင် - ၁၅၀ လီတာ<br>စုစုပေါင်း - ၁၅၅ လီတာ | အသားတင် - ၁၆၀ လီတာ<br>စုစုပေါင်း - ၁၆၄ လီတာ |
| အတိုင်းအတာ (W x D x H) | 525 x 517 x 1102 mm | 525 x 517 x 1202 mm |
| အသားတင်အလေးချိန် | 26 kg | 27 kg |
| လျှပ်ကာပစ္စည်း | Polyurethane | |
| ပါဝါအရင်းအမြစ် | 220 - 240V∼, 50 Hz | |
| ပါဝါပေးပို့မှု | 67 W / 0.68 A | |
| အအေးစနစ် | တိုက်ရိုက်အေးစေခြင်း<br>(Rollbond Evaporator) | |
| အပူချိန်ထိန်းချုပ်မှု | ဒိုင်ခွက်ဖြင့် ချိန်ညှိခြင်း | |
| အရည်ပျော်စေခြင်း | Manual Defrost Start<br>Manual Defrost Stop | |

မှတ်ချက် -
ဒီဇိုင်းပုံစံများနှင့် အသေးစိတ်ဖော်ပြချက်များသည် ကြိုတင်သတိပေးခြင်းမရှိပဲ ပြောင်းလဲနိုင်သည်။

သတိပေးချက် -
ဒေသဆိုင်ရာ ဥပဒေများအရ ဤရေခဲသေတ္တာ၏ လျှပ်ကာပစ္စည်းအတွက် Cyclo-Pentane ကိုအသုံးပြုထားသည်။ ဤယူနစ်ကို စွန့်ပစ်သည့်အခါ သင့်လျော်သည့် နည်းလမ်းဖြင့် ၄င်းကို စွန့်ပစ်ပါ။ မီးရှို့ခြင်းဖြင့် စွန့်ပစ်ခြင်းမပြုလုပ်ရ။

Panasonic Corporation
Made in Indonesia